ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (22-4-2007) (၅၂၉၅)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

- ❒ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူ ရရှိမည့် စီမံကိန်း၊
- ❒ မြစ်ငယ်မြစ်ကို ပိတ်နိုင်ရန် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ်တမံကို တည်ဆောက်လျက်ရှိ၊
- ❒ ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းတွင် တည်ဆောက်လျက်ရှိသည့် RCC တမံမှာ ကမ္ဘာပေါ်ရှိ အကြီးဆုံးRCC တမံများတွင် တစ်ခုပါဝင်။

ရေအားလျှပ်စစ်စီမံကိန်းများနှင့်အတူ ဓာတ်အားဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းစနစ် အချိန်ကိုက် ပြီးရန်လို ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် ထရန်စဖော်မာအမျိုးမျိုးကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်အောင်ကြိုးစား မြစ်ငယ်မြစ်အပေါ် ပိုင်းတစ်လျှောက် ဓာတ်အားထုတ်ယူရရှိမည့် ရေအရင်းအမြစ်များကို စူးစမ်းလေ့လာ မြစ်ငယ်မြစ်ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့် တိုးချဲ့ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၄-၂၀၀၇
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပြည့်ဆည်းနိုင်ရေး ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်

နိုင်ငံတော်၏ လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိကအရေးပါသည်ဖြစ်ရာ ကဏ္ဍအလိုက် အဆင့်မြင့်မားတိုးတက်စေရေးအတွက် စီမံကိန်းများချမှတ် ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၆ ရက်နေ့က ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများ လှူဒါန်းခဲ့ကာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ပြင်ဦးလွင်မြို့သည် တောင်စခန်းမြို့ဖြစ်သည့် အားလျော်စွာ ပြည်သူများ ကြည်နူးချမ်းမြေ့စွာ အပန်းဖြေနိုင်ရေး၊ အပန်းဖြေရင်း ဆေးကုသမှုခံယူလိုသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ပြည်သူ့ဆေးရုံကြီးကို ခေတ်မီဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ အဆင့်အတန်းမြင့်မားစေရေးအတွက် ခေတ်မီကုသရေး ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ ဆရာဝန်၊ သူနာပြုများ မွေးထုတ်ပေးခြင်း၊ ခေတ်မီ ပစ္စည်းများ ကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြုနိုင်သည့် ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်အပိုင်းက စနစ်တကျ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ သက်ဆိုင်ရာဌာနများနှင့် ဝန်ထမ်းများကလည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သည်။

ဆေးရုံများ အဆင့်အတန်းမြင့်မားလာစေရန် နိုင်ငံတော်က ခေတ်မီ ကုသရေးပစ္စည်းများ ဖြည့်ဆည်းပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် ကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းအားထုတ်ကြိုးပမ်းကြခြင်းဖြင့် တိုင်းရင်းသား ပြည်သူအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါသည်။ ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၁

၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၁

၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖာရော့(ခ်)အယ်(လ်)ရှာရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်) အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ တန့်ကြည့်တောင် ဆရာတော်သည် ရန်ကုန်မြို့သို့ ကြွရောက်ပြီး ဝိပဿနာတရားများကို ဟောကြားပြသမည် ဖြစ်သည်။ ပထမပတ်အဓိဋ္ဌာန်ပွဲကို မေ ၄ ရက် ညနေပိုင်းမှ မေ ၁၁ ရက် နံနက်ပိုင်းအထိလည်းကောင်း၊ဒုတိယပတ်အဓိဋ္ဌာန်ပွဲကို မေ ၁၁ ရက် ညနေပိုင်းမှ မေ ၁၈ ရက် နံနက်ပိုင်းအထိလည်းကောင်း ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူများသည် ကပ္ပိယ ကာရက အဖွဲ့ရုံး ဖုန်း–၆၃၈၀၈၈နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

နယ်စပ်နှင့်တောင်တန်းဒေသသို့ သင်္ကန်းဒွိစုံများလှူဒါန်း

ရန်ကုန် ဧပြီ ၂၁

နယ်စပ်နှင့်တောင်တန်းဒေသသို့ သင်္ကန်းဒွိစုံများ လှူဒါန်းပွဲကို ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန် ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘန ကြွရောက်ချီးမြှင့်တော်မူပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်၊သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အလှူရှင် မြသိန်းတန် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘနက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတော်မူပြီး ဆရာတော် ကိုယ်စား ကပ္ပိယဖြစ်သူ လှကမ္ဘာ ပရိဘောဂ ဦးစောလှိုင်က သင်္ကန်းဒွိစုံ ၇၀ ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သို့ လွှဲအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် ပြင်ဦးလွင်သင်္ကြန် ရွှေဖလားနှင့် KM Golf Open Championship ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူးကျင်းပသော (၄၉)ကြိမ်မြောက် ပြင်ဦးလွင်သင်္ကြန် ရွှေဖလားနှင့် KM Golf Open Championship ပြိုင်ပွဲကို ဧပြီ ၁၅ ရက် နံနက် ၆ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပပြီးစီးသည်။

Professional အဆင့်ပြိုင်ပွဲတွင် စိုးကျော်နိုင် (Srixon) က ပထမ၊ သိန်းဇော်မြင့်(KM) က ဒုတိယ၊ နိုင်နိုင်လင်း(KM)နှင့် ကျော်စွာလင်း (Srixon) တို့က ပူးတွဲတတိယရရှိသည်။

Amateur အဆင့် ပြိုင်ပွဲတွင် အောင်ဝင်းက ပထမ၊ ခင်မောင်တိုးက ဒုတိယ၊ သန်းနိုင်ဦးက တတိယရရှိသည်။ ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် သစ်တောရေးရာအသင်းက ပထမရရှိပြီး ပြင်ဦးလွင် (A) အသင်းက ဒုတိယရရှိသည်။ သက်ကြီးတန်းပြိုင်ပွဲတွင် ကျော်ခင်က ပထမ၊ မောင်စိုးက ဒုတိယ၊ ငွေအောင်က တတိယ၊ အမျိုးသမီး ပြိုင်ပွဲတွင် မအေးကျော်က ပထမ၊ မေဦးခိုင်က ဒုတိယနှင့် နန်းမေဝင်းက တတိယရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း (၂)ရပ်ကွက် ဝါဝါဝင်းလမ်းနေ ဒေါ်စန်းမိသားစုက ငွေကျပ် ၁၁၁၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးထွန်းရင်–ဒေါ်ခင်ဆွေသန်း၊ သား(မောင်ကောင်းမြတ်ထွန်း)၊ မောင်သူရကျော်စွာထွန်း–မွန်လွန်း၊ မောင်ရာဇကျော်အောင်–မအေးမြသီတာထွန်း၊ မြေးမယွန်းရတီအောင် မိသားစု(ဓမ္မစေတီလမ်း ဗဟန်း)တို့က ငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့နာယက ဆရာတော် မိုးညှင်း အရှင်ကုဏ္ဍက ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထားကျေးရွာနေ ဦးဟံရှိန်း–ဒေါ်သိန်းတင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်တစ်သိန်းနှင့် ရာသက်ပန် ဆွမ်းပဒေသာအတွက် ငွေကျပ်နှစ်သိန်းကို မိုးမိတ် အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူများ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပြင်ဦးလွင်ဆေးရုံသည် ချမှတ်ထားသော ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး စီမံကိန်း၌ပါဝင်သည့် ဆေးရုံဖြစ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင် ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများနှင့် ဆရာဝန်၊ ဆရာမများအားတွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး တာဝန်ရှိသူများနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၏ လူနာစောင့်ရှောက်မှု အခြေအနေ၊ ရောဂါကုသနိုင်မှုအခြေအနေတို့ကို မေးမြန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်စောဝင်းက ဆေးရုံကြီး၌ ကုသပေးလျက်ရှိသည့် ပြင်ပလူနာနှင့် အတွင်းလူနာများ အခြေအနေ၊ အဖြစ်များသည့် ရောဂါများနှင့် ကုသစောင့်ရှောက်ပေးနိုင်မှု၊ ဆေးရုံအဆောက်အအုံများ တိုးချဲ့တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထွေထွေရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ နှလုံးရောဂါအထူးကု၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများက ရောဂါဖြစ်ပွားမှုများ၊ ဆေးရုံကြီးရှိ လက်ရှိ ခေတ်မီ ဆေးကုသရေးဆိုင်ရာပစ္စည်းများနှင့် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆေးရုံကြီးမှ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မှာကြားရာတွင် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးနှင့် လိုက်လျောညီထွေစွာ လိုအပ်သည့် ကုသရေးဆိုင်ရာ ခေတ်မီ ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် တောင်စခန်းမြို့ဖြစ်သည့် အားလျော်စွာ ပြည်သူများ စိတ်လက်ကြည်နူးအေးချမ်းစွာ အနားယူ အပန်းဖြေနိုင်ရန် လိုအပ်သည်များ ပြည့်စုံလာအောင် မိမိတို့တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နိုင်ငံတော်၏ တောင်ပေါ်အပန်းဖြေစခန်းမြို့အဖြစ် တက်လှမ်းလာလျက်ရှိကြောင်း။

ကျန်းမာရေးကုသစောင့်ရှောက်မှုအပိုင်းအရ ပြင်ဦးလွင် တောင်ပေါ်အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေရင်း ဆေးကုသမှုခံယူလိုသူများအနေဖြင့် ဆေးကုသမှုခံနိုင်အောင်လည်း ဤဆေးရုံကို ခေတ်မီဆေးရုံကြီးအဖြစ် အဆင့်မြှင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် သာမန်အပန်းဖြေစခန်းမြို့အဖြစ်သာမက အေးချမ်းစွာ အနားယူ ဆေးကုသမှုခံယူနိုင်သည့်မြို့ ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိက အရေးပါကြောင်း၊ ပညာရေးကဏ္ဍအပိုင်းတွင် နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်၍ ပညာရေးကဏ္ဍအဆင့်မြင့်မားလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားပေးဆောင်ရွက်

ပညာရေးကဏ္ဍနည်းတူ ယဉ်ကျေးမှုကဏ္ဍအပိုင်းကိုလည်း မိမိတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုးပါပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်အောင်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာရေးအတွက် စီမံကိန်းများ ချမှတ်၍ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဦးလွင် ဆေးရုံသည်လည်း ချမှတ်ထားသော ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး စီမံကိန်း၌ ပါဝင်သည့် ဆေးရုံစီမံကိန်းတစ်ခုဖြစ်ကြောင်း။

ဆေးရုံများ အဆင့်အတန်းမြင့်မားလာစေရန်မှာ ခေတ်မီကုသရေးပစ္စည်းများ ပြည့်စုံရန် လိုအပ်သကဲ့သို့ ယင်းခေတ်မီပစ္စည်းများကို ကျွမ်းကျင်စွာ အသုံးချသွားမည့် ပညာရှင်လူ့အရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ကုသရေးဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်သကဲ့သို့ ယင်းပစ္စည်းများကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်အသုံးပြုနိုင်သည့် ပညာရှင်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဝန်ကြီးဌာနက စီမံဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက တာဝန်ကျေသကဲ့သို့ သက်ဆိုင်ရာဌာနများနှင့် ဝန်ထမ်းများကလည်း မိမိလုပ်ငန်း၊ မိမိတာဝန်များကို ကျေပွန်ရန်လိုကြောင်း။

ပြင်ဦးလွင်ဆေးရုံကို ပြည်သူများ အားကိုးအားထားရသည့် ဆေးရုံကြီးတစ်ခုဖြစ်လာရန် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆေးရုံကြီးအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးအား ပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား နှုတ်ဆက်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရေးစီမံကိန်း တရုတ် အကောင်အထည်ဖော်မည်

ပေကျင်း ဧပြီ ၂၀

တရုတ်နိုင်ငံသည် ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရေးစီမံကိန်းတစ်ရပ်ကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းနှင့် စီအန်းမြို့တို့တွင် ဂျမ်ဘိုလေယာဉ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံနှစ်ရုံကို ဖွင့်လှစ်လုပ်ကိုင်မည်ဖြစ်သည်။ စီအန်းမြို့သည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီးပြည်နယ်၏မြို့တော်ဖြစ်သည်။ ရှန်ဟိုင်းမှာမူ တရုတ်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမြို့ကြီးဖြစ်သည်။

ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၏ ၅၀ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း အထိကို စီအန်းစက်ရုံတွင် လုပ်ကိုင်မည်ဖြစ်ကြောင်း မြို့ပြလေကြောင်းစက်မှုလုပ်ငန်းအောက်ရှိစက်မှုနည်းပညာအခြေစိုက်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်သိပ္ပံ၊ နည်းပညာနှင့် စက်မှုလုပ်ငန်းကော်မရှင်သည် ပြည်တွင်းဖြစ်ဂျမ်ဘိုလေယာဉ်များကို ထုတ်လုပ်နိုင်ရန် အစီအစဉ်များရေးဆွဲ ချမှတ်လျက်ရှိသည်။ စီအန်းတွင် နိုင်ငံတော်၏ မြို့ပြလေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်း အခြေစိုက်စခန်းတည်ရှိသည်။

ဂျမ်ဘိုလေယာဉ်ကို ကုန်တင်လေယာဉ်အဖြစ်လည်းကောင်း၊ ခရီးသည်တင်လေယာဉ်အဖြစ်လည်းကောင်း အသုံးပြုနိုင်ရန် တည်ဆောက်ထားသည်။ တရုတ်သိပ္ပံပညာရှင်များ၏ တီထွင်ကြံဆမှုဖြင့်ပေါ်ထွက်လာသော ဂျမ်ဘိုလေယာဉ်သည် ကုန်တင်လေယာဉ်အဖြစ် အသုံးပြုပါက တန်ချိန် ၁၀၀ကျော် တင်ဆောင်နိုင်ပြီး ခရီးသည်တင်လေယာဉ်အဖြစ် အသုံးပြုပါက ခရီးသည် ၁၅၀ ကျော် လိုက်ပါနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရေးစီမံကိန်းအရ ကနဦးအဆင့်တွင် ပြည်တွင်းဈေးကွက်၌ ရောင်းချသွားရန် ရည်မှန်းသည်။ အနာဂတ်ကာလတွင် ကမ္ဘာ့လေယာဉ်ထုတ်လုပ်ရေးဈေးကွက်၌ ဘိုးအင်းနှင့် အဲဘတ်စ်စသည့် ထိပ်တန်းကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်လုပ်ကိုင်သွားနိုင်ရန် ရည်မှန်းထားသည်။ ***အင်တာနက်။***

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ မြင်းစီးသမားနှစ်ဦး စွမ်းရည်ပြသနေသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်-အိန္ဒိယ ဆက်သွယ်ရေးလမ်းဟောင်း ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ

လီဒို (အိန္ဒိယ) ဧပြီ ၂၀

ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သည့် မိုင် ၁၀၀၀ ရှည်လျားသည့် အိန္ဒိယ-မြန်မာ-တရုတ် လမ်းမကြီးကို ပြန်လည်ပြင်ဆင် ဖောက်လုပ်မှုများ အိန္ဒိယနိုင်ငံဘက်တွင် ပြန်လည်စတင်နေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ထိုလမ်းသည် တောတောင်များကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းဖြစ်ပြီး အိန္ဒိယနိုင်ငံအရှေ့ မြောက်ပိုင်းနှင့် တရုတ်နိုင်ငံတို့ကို မြန်မာနိုင်ငံမှတစ်ဆင့် ကြားခံဖောက်လုပ်ထားသော လမ်းဖြစ်သည်။ ယင်းလမ်းကို ကြီးကြပ်ဖောက်လုပ်ခဲ့သူမှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ဖြစ်၍ ထိုလမ်းကို စတီးဝဲလ်လမ်းဟုလည်းခေါ်တွင်သည်။ ဒုတိယကမ္ဘာစစ်အချိန်က ဂျပန်ကျူးကျော်ရေးတပ်များကို ခုခံတိုက်ခိုက်နေသော တရုတ်တပ်များအတွက် လက်နက်ရိက္ခာထောက်ပံ့ပေးရန် ထိုလမ်းမကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဤလမ်းမကြီးမှာ မသုံးဘဲထားသည်မှာကြာပြီဖြစ်၍လည်းကောင်း၊ ပြုပြင်မှုမရှိဘဲဖြစ်နေသည်မှာအချိန်ကြာညောင်းနေပြီဖြစ်၍လည်းကောင်း ပျက်စီးနေပြီဖြစ်သည်။ထိုလမ်းသည်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အာသံဒေသနှင့် တရုတ်နိုင်ငံအနောက်ပိုင်း ကူမင်းမြို့များသို့ ခရီးပေါက်နိုင်သောလမ်း ဖြစ်သည်။ ယင်းလမ်းကို အသုံးပြုနိုင်ပါက အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှ လက်ဖက်များ၊ သစ်များနှင့် ကုန်စည်များ တရုတ်နိုင်ငံသို့ ချောချောမောမောရောက်ရှိနိုင်မည်ဖြစ်သည်။

အကယ်၍ ယင်းလမ်းသာပြီးစီးသွားပါက ဒေသတွင်း စီးပွားရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးလာမည်ဖြစ်သည်ဟု လီဒိုမြို့မှ စီးပွားရေးလုပ်ငန်းရှင်ဘီဒနီတာဂိုဂိုရီကပြောကြားသည်။ လီဒိုမြို့သည် အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ အဆိုပါလမ်း အစပိုင်းတည်ရှိရာမြို့ဖြစ်သည်။

တရုတ်နိုင်ငံသည်ခရီးမိုင်ပေါင်း ၄၂၀ အကွာအဝေးရှိသော ကူမင်း-မြန်မာကားလမ်းပိုင်းကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် ပြင်ဆင်ဖောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည့်အပြင် မြန်မာပြည်တွင်းရှိ ကျန်လမ်းပိုင်းများကိုလည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကယ်လီဖိုးနီးယားတွင် ဆေးခြောက်စိုက်ပျိုးမှု တိုးပွားလာ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိအဆောက်အအုံများအတွင်း လျှို့ဝှက်ကာ ဆေးခြောက်ပင်များ စိုက်ပျိုးသည့်လုပ်ငန်းသည် သိသိသာသာ တိုးမြင့်လာလျက်ရှိကြောင်း ဒေသခံသတင်းဌာနများက ဧပြီ ၁၉ ရက်တွင် ဖော်ပြသည်။

မတ်လအတွင်းက ရဲတပ်ဖွဲ့ဝင်များသည် အဆောက်အအုံတွင်း စိုက်ပျိုးထားသော ဆေးခြောက် လုပ်ငန်း ဒါဇင်ပေါင်းများစွာကို ဖမ်းဆီးနိုင်ခဲ့ရာ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ တန်ကြေးရှိသော ဆေးခြောက်ပင်ထောင်နှင့်ချီ၍ ဖမ်းဆီးနိုင်ခဲ့ကြောင်း လော့အိန်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ဘော်နီယိုကျွန်းတွင် ရှားပါးကြွံမျိုး ရှာဖွေတွေ့ရှိ

ဂျကာတာ ဧပြီ ၂၀

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း၏ သစ်တောဒေသတွင် မျိုးသုဉ်းလုနီးပါး အခြေအနေသို့ ဆိုက်ရောက်နေသော ဆုမတြားကြွံမျိုး ၁၃ကောင်ထက်မနည်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဧပြီ ၁၉ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစိုးရ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ရှိသူများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဘော်နီယိုကျွန်း ဆာဘားပြည်နယ် တောနက်ပိုင်းအတွင်း ကြွံသတ္တဝါများကို ခြေရာခံတွေ့ရှိခဲ့ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

နေရာဒေသ တစ်ခုတည်း၌ပင် ကြွံအုပ်စုတစ်စုကို ရှာဖွေတွေ့ရှိခဲ့ရပြီး အခြားမည်သည့်နေရာတွင်မျှ ဆုမတြားကြွံမျိုးကို မတွေ့ခဲ့ရကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အာရှကြွံမျိုးထိန်းသိမ်းရေးအစီအစဉ် အကြီးအကဲ ခရစ္စတီဝီလျံက ပြောကြားသည်။

ဘော်နီယိုကျွန်းတွင် တစ်ချိန်တစ်ခါက ကြွံကောင်ရေ များစွာရှိခဲ့သည်။ သို့ရာတွင် ကြွံများကို ခိုးဝှက်သတ်ဖြတ်မှုများထူပြောလာခဲ့ခြင်းကြောင့် မျိုးသုဉ်းလုနီးပါးအခြေအနေသို့ဆိုက်ရောက်လာခဲ့ရသည်။ ဘော်နီယိုကျွန်းသည် မလေးရှား ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်များနှင့် အင်ဒိုနီးရှားရှိ ကာလီမင်တန်ပြည်နယ်အကြားတည်ရှိသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ဗာဂျီးနီးယား နည်းပညာတက္ကသိုလ် ဝင်းအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဧပြီ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် နိုင်ငံတကာစာသင်ကျောင်း ပုံးခွဲခံရ

ဂါဇာ ဧပြီ ၂၁

သေနတ်သမားတစ်စုသည် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ အမေရိကန်နိုင်ငံတကာစာသင်ကျောင်းကို စနေနေ့ အရုဏ်မတက်မီက ဝင်စီးကာ ယင်းစာသင်ကျောင်း၏ တစ်စိတ်တစ်ဒေသကို ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

သေနတ်သမားသည် အမေရိကန်နိုင်ငံတကာစာသင်ကျောင်း၏ ကျောင်းစောင့်များကို ချုပ်နှောင်ပြီး အဆောက်အအုံအတွင်း ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ နံနက်၄နာရီခန့်တွင် ပေါက်ကွဲသံများပေါ်ထွက်ခဲ့ပြီး မီးလောင်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်အဖြစ်ထုတ်ဖော်ကြေညာခြင်းမရှိပေ။ အမေရိကန်နိုင်ငံတကာစာသင်ကျောင်းကို ၁၉၉၉ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အာသံပြည်နယ် ကောက်သစ်စားပွဲတွင် ရိုးရာလွန်ဆွဲပွဲပြုလုပ်နေသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန် နာဆာ အာကာသစခန်းတွင် သေနတ်သမားနှင့် ဓားစာခံတစ်ဦး သေဆုံး

ဝါရှင်တန် ဧပြီ ၂၁

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ ဂျွန်ဆင်အာကာသဗဟိုဌာနတွင် ဧပြီ၂၀ရက်တွင် သေနတ်သမားတစ်ဦးက အမျိုးသား ဓားစာခံတစ်ဦးကို သတ်ဖြတ်ခဲ့ပြီးနောက် ၎င်းကိုယ်တိုင်လည်း အဆုံးစီရင်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမျိုးသမီးဓားစာခံမှာ တုပ်နှောင်ခံထားရသော်လည်း ၎င်းမှာထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျွန်ဆင်အာကာသဗဟိုဌာန၏ အဆောက်အအုံ နံပါတ်(၄၄)တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ၁နာရီမိနစ်၄၀ခန့်တွင် သေနတ်သံတစ်ချက်ပေါ်ထွက်ခဲ့သည်။ ယင်းမှာ အမျိုးသားဓားစာခံ အသတ်ခံရမှုအဖြစ် ယူဆရသည်။ ရဲတပ်ဖွဲ့ဝင် များသည် အဆောက်အအုံအတွင်း ရှိနေသူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ရဲတပ်ဖွဲ့က သေနတ်သမားနှင့်စေ့စပ်ညှိနှိုင်းရန်ကြိုးပမ်းခဲ့သော်လည်း သေနတ်သမားမှာ ၎င်းကိုယ်၎င်း အဆုံးစီရင်သွားခဲ့သည်။ ***အင်တာနက်။***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော် ဂန္ဓကုဋိတိုက်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီးနှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတမစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက် ၂၄ တိုက်မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက် လေးတိုက်မှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီးနှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းမှူးနှင့်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများအား ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် သီလရှင်ဝတ်စုံများကို လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသာသနာဘိဝံသက အနုမောဒနာနှင့်ရေစက်ချတရားတော်ကို ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိတိုက်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးအတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကြသည်။

ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များကလည်း ကန်တော်ကြီးအတွင်းသို့ ငါးများကို စုပေါင်း၍လွှတ်ကြသည်။

ဧပြီ ၁၇ ရက်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အားလပ်ရက်ဖြစ်သဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ မိသားစုလိုက်လာရောက် အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် သီလရှင်ဝတ်စုံများကို လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ တစ်နှစ်နှင့်လေးလတာ ကာလအတွင်း ပြီးစီးအောင်တည်ဆောက်နိုင်ခဲ့ မြစ်ကြီးနားမှ ထားဝယ်အထိ ပဲခူးမြို့ကိုမဝင်ဘဲ တစ်ဆက်တည်းသွားလာနိုင်

နေပြည်တော် ဧပြီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော် ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အတူ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု လိုအပ်ချက် တိုးမြှင့်လာသည့်အတွက် နေပြည်တော်ကို ဗဟိုပြု၍ တိုးတက်လာသောခရီးသွား ပြည်သူများနှင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာပို့ဆောင်နိုင်ရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ရန်ကုန်–မန္တလေး–မြစ်ကြီးနား ရထားလမ်းပေါ်ရှိ ဒိုက်ဦးဘူတာနှင့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းဘူတာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ဒိုက်ဦးမြို့ရှိ ဒိုက်ဦးဘူတာ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အမှာစကားပြောကြားပြီး ရထားလမ်းသစ်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားတိုင်းအမှတ် (၆)မှ တိုင်းမန်နေဂျာနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖောင်တော်သီ အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကတုတ်ရွာမ၊ ကတုတ်ဘုရားကြီး၊ ပျဉ်းမလွင်၊ တံမကြီး၊ ဘောနီ၊ မအူတန်း၊ အေးသုခ၊ ကျိုက်(အရှေ့)၊ ကျိုက်(အနောက်)၊ ဘုရားကြီးကွင်း၊ ဗျိုင်းချယ်၊ ဖောင်တော်သီ၊ ရှမ်းစု၊ ပေါက်တပင်၊ ပသွယ်၊ ပန်းကိုင်၊ အင်းသဖင်၊ ပွဲတမော့၊ ကုက္ကိုင်း၊ ကံကလေး၊ သုံးခွ၊ ပန္နတ်၊ မင်္ဂလွန်း၊ ဖအောင်ဝဲ၊ဖအောင်းစု၊ ကလိ၊ အိမ်ခြေလေးဆယ်၊ သရက်တော၊ သဲတော၊ ပျဉ်ပုံလေး၊ သပြေတော၊ သဲတော၊ ကျွန်းကုန်း၊ ကမာဖရုံ၊ ဒိုးတန်း၊ ဆင်ဇလုပ်၊ ဆာပါချုံ၊ ဗျက်ကြီး၊ ဥသျှစ်ကုန်း၊ မှော်အင်း၊ ပုဂံကွဲ၊ တော်သလဲမြောင်း၊ စစ်ဗိုလ်ကြီး၊ တကောင်း၊ ရွှေအင်ဒုံ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် ဒိုက်ဦးမြို့ပေါ်ရှိ ရပ်ကွက် ၁၀ခုတို့မှ ပြည်သူများ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ရန်ကုန်–မန္တလေး ရထားလမ်းပေါ်တွင်ရှိသည့် ဒိုက်ဦးဘူတာနှင့် ဝေါမြို့နယ် စစ်တောင်းတံတား အနောက်ဘက် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်၌ရှိသည့်ဆတ်သွားကုန်းဘူတာတို့ကို ဆက်စပ်ပြီး ဖောက်လုပ်ထားသော အရှည် ၂၄ မိုင်ရှိ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်နှင့် ကြိုးပမ်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလုံခြုံချောမွေ့စေရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသအသီးသီး၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက **"လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ဒေသတစ်ခုစီရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း ဆက်သွယ်တဲ့ လမ်းများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့် ဆက်သွယ်တဲ့လမ်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များချမှတ်ပြီး မိမိတို့ ပဲခူးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုရင် လယ်ယာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအသီးသီးတွင် တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင် ကိုယ်တွေ့ တွေ့ကြုံခံစားနေရပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် ပဲခူးတိုင်းအတွင်းရှိ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ယခင်က မြန်မာနိုင်ငံအထက်ပိုင်းတိုင်နှင့်ပြည်နယ်များမှ ပြည်သူများသည် မွန်ပြည်နယ်ရှိ မော်လမြိုင်မြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့များသို့ လည်းကောင်း၊ ထို့အတူ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းမှ ပြည်သူများသည်လည်း မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့များသို့လည်းကောင်း၊ ရထားဖြင့် အပြန်အလှန် ဆက်သွယ်သွားလာရာတွင် ရထားလမ်းဟာ တစ်ဆက်တည်းမရှိသည့်အတွက် ပဲခူးဘူတာမှ တစ်ဆင့်ပြောင်း၍ဖြစ်စေ၊ ရန်ကုန်ဘူတာမှဖြစ်စေ ရထားပြောင်းစီးပြီး ခရီးဆက်ခဲ့ရသည့်အတွက် အချိန်ကုန်လူပန်းမှု၊ စရိတ်စကပိုမိုကုန်ကျမှုစသော ဆိုးကျိုးများ ခံစားခဲ့ရမှာပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများက ရန်ကုန်–မန္တလေး ရထားလမ်းမကြီးပေါ်ရှိ ဒိုက်ဦးဘူတာနှင့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနောက်ဘက် ဆတ်သွားကုန်းဘူတာတို့ကို ဆက်စပ်ပြီး ယနေ့တွင် ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမှ တနင်္သာရီတိုင်း ထားဝယ်အထိ ပဲခူးမြို့ကို ဝင်စရာမလိုဘဲ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည့် ရထားလမ်းကြီးအဖြစ် ပီပြင်စွာ ရုပ်လုံးပေါ်လာခဲ့ပြီဟု ပြောရမှာဖြစ်ကြောင်း၊ ယနေ့သည် ပဲခူးတိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးပြုမည့် ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားဖြစ်သည့်အတွက် အလွန်တရာမှ ကျက်သရေမင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်းနှင့် ယခုလို တစ်နှစ်နှင့်လေးလတာကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပေးခဲ့ကြသော မြန်မာ့မီးရထားဝန်ထမ်းများ၏ ဆောင်ရွက်မှု စွမ်းပကားများကိုလည်း မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ယနေ့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိကလိုအပ်ချက်များရှိရာ ယင်းလိုအပ်ချက်များထဲ၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အလွန်ရေးကြီးသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ အရေးကြီးသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးသည်လည်း အဓိကကျကြောင်း၊ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးဟာ အလွန်အရေးပါသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေနှင့် ယနေ့ဖွင့်လှစ်သည့် ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် ပေးကြပါသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ်ကို အောင်မြင်စွာ ဖောက်လုပ်ပေးခဲ့ကြသော မြန်မာ့မီးရထားဝန်ထမ်းများ၊ ကြွရောက်အားပေးကြသော ဒေသခံမိဘပြည်သူများကို အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး၊ မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ရထားပို့ဆောင် ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်း တစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အခမ်းအနားသည် အရှည်မိုင် ၂၄မိုင်ရှိသည့် ဒိုက်ဦး–စစ်တောင်း ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း၊ ယင်းရထားလမ်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်–မန္တလေး ရထားလမ်းပေါ်မှာရှိသည့် ဒိုက်ဦးဘူတာကနေ ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတား၏ အနောက်ဘက် ဆတ်သွားကုန်းဘူတာအထိ အဓိကရထားလမ်းနှစ်ခုကြား ဖြတ်လမ်းသဘောမျိုး ဆက်စပ်ဖောက်လုပ်ထားတဲ့ ရထားလမ်းဖြစ်သည့်အတွက် မူလရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်လိုက်ပါက မြန်မာနိုင်ငံမြောက်ဘက်ခြမ်း မြစ်ကြီးနားမှ တောင်ဘက်ခြမ်း ထားဝယ်မြို့အထိ တစ်ဆက်တည်းသွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ၂၂–၄–၂၀၀၇ နေ့မှစတင်၍ နေပြည်တော်–မော်လမြိုင်–နေပြည်တော် ရထားခရီးစဉ်ကိုလည်း ပြေးဆွဲပေးမှာဖြစ်ကြောင်း အသိ ပေးပြောကြားလိုကြောင်း။

ယခင်က မြန်မာနိုင်ငံအထက်ပိုင်းမှ ပြည်သူများနှင့် မွန်ပြည်နယ် တနင်္သာရီတိုင်းအတွင်းမှ ပြည်သူများ ရထားဖြင့် အပြန်အလှန် ကူးသန်းသွားလာကြရာတွင် ပဲခူးဘူတာ၌ ရထားလမ်းချိန်းပြောင်းပြီး တစ်ဆင့်ခံသွားလာခဲ့ရသည့်အတွက် ခရီးမိုင်ရှည်လျားသလို အချိန်ကြန့်ကြာမှုများနှင့် နေ့စဉ်တွေ့ခဲ့ကြရမှာ ဖြစ်ကြောင်း၊ ယနေ့ ဒိုက်ဦး–စစ်တောင်းရထားလမ်းသစ်ကို ဆက်စပ်ဖွင့်လှစ်နိုင်သည့်အတွက် မူလက ဒိုက်ဦးမှ ပဲခူး၊ ပဲခူးမှ စစ်တောင်းထိ ၆၂ မိုင်ရှိခဲ့ရာမှ ပဲခူးထိ သွားစရာမလိုတော့သည့်အတွက် ခရီးမိုင် ၃၈ မိုင်တိတိ လျော့နည်းသွားမှာဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❃

❁ **စာမျက်နှာ ၆ မှ**

ဒိုက်ဦး-စစ်တောင်းရထားလမ်းသည် ၂၄မိုင်ရှည်လျားပြီး ပေ ၁၀၀အထက် တံတား လေးစင်းအပါအဝင် တံတားကြီးငယ် ၂၁စင်း၊ ရထားလမ်းကွေ့ပေါင်း ၁၁ ကွေ့ပါဝင်ကြောင်း၊ ယင်းရထားလမ်းကို ၁၂-၁၂-၂၀၀၅ ရက်တွင် မြေတိုင်းတာပြီး မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်တည်ဆောက်ချိန် တစ်နှစ်နှင့် လေးလကြာမြင့်ခဲ့ကြောင်း။

၂၀-၅-၂၀၀၃ ရက်တွင် အင်းစိန်စက်ခေါင်းရုံသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက်စစ်ဆေးစဉ်ကလည်း **နိုင်ငံတော်ရဲ့ ပို့ဆောင်ရေးကဏ္ဍနဲ့ မော်တော်ယာဉ်ပို့ဆောင်ရေးကဏ္ဍတို့ဟာ အဓိကကျတဲ့ ကဏ္ဍများဖြစ်ကြတယ်၊ ဒါကြောင့် ရထားပို့ဆောင်ရေးကဏ္ဍရဲ့ စွမ်းရည်ကို ပြန်လည်မြှင့်တင်ရမှာဖြစ်ကြောင်း** လမ်းညွှန် မှာကြားခဲ့ပါကြောင်း။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမို ကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရထားလမ်းအနေနှင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိခဲ့ရာ ယနေ့ဖွင့်လှစ်မည့် ဒိုက်ဦး-စစ်တောင်းရထားလမ်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၁၆၆ဒသမ၄၄မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ ရထားလမ်းအရှည်စုစုပေါင်း ၃၁၄၂ဒသမ၇၉ မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ ဘူတာသာ ရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် ၃၁၇ ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့တွင် ဘူတာရုံစုစုပေါင်း ၈၀၄ ဘူတာကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက တံတားကြီး/ငယ် စုစုပေါင်း ၅၆၅၀လုံး ရှိခဲ့ရာက တပ်မတော်အစိုးရ လက်ထက်တွင် တံတားကြီး/ငယ် ၄၀၃၂ လုံး ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး/ငယ် စုစုပေါင်း ၉၆၈၂လုံးကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်၍လည်း ကြီးနီ-ချောက် ရထားလမ်းသစ်ငါးမိုင်၊ ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း၊ (ကျည်တောင်ကန်-ကျောက်ဆည်လမ်းပိုင်း) (၁၂၃ ဒသမ၈၀)မိုင် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း(၁၆ဒသမ၁၉)မိုင်၊ ကြံခင်း-ပခုက္ကူရထားလမ်း(၃၂၂ဒသမ၅၀) မိုင်တို့ကို ဖောက်လုပ်လျက်ရှိကြောင်း၊ ကသာ-ဗန်းမော် ရထားလမ်းကိုလည်း ဖောက်လုပ်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ယနေ့ကျင်းပသည့် ဒိုက်ဦး-စစ်တောင်းရထားလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံမိဘပြည်သူများ၊ ဒီကနေ့ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ စီစဉ်ပေးကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။

(ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ အမှာစကားကို သီးခြားဖော်ပြထားသည်။)

ယင်းနောက် ဒိုက်ဦးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက နိုင်ငံတော်မှ ဒိုက်ဦး-စစ်တောင်းရထားလမ်း ဖောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီးများက ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်ပေါ်၌ စတင်ပြေးဆွဲမည့် မင်္ဂလာရထားကြီးကို အမွှေးနံ့သာရေများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မှန်ဦးဆိုင်းဘုတ်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများသည် ယနေ့အသစ်ဖွင့်လှစ်လိုက်သည့် ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်ပေါ်၌ စတင်ပြေးဆွဲသည့် မင်္ဂလာရထားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦး-စစ်တောင်းရထားလမ်းတစ်လျှောက် စီးနင်းလိုက်ပါကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ဒိုက်ဦး-စစ်တောင်းရထားလမ်းသည် ၂၄ မိုင်ရှိပြီး ယခင်က အသုံးပြုသော ဒိုက်ဦး-ပဲခူး-စစ်တောင်းရထားလမ်းမှာ ၆၂မိုင်ရှိသဖြင့် ယခုအခါ ခရီးမိုင် ၃၈မိုင် တိုတောင်းသွားပြီဖြစ်သည်။ ယခင်က ခရီးသွားပြည်သူများသည် မြန်မာပြည်အထက်ပိုင်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့သို့ ရထားဖြင့် သွားရောက်ရာတွင် ပဲခူးမြို့နှင့် ရန်ကုန်မြို့များသို့ သွားရောက်ရပြီး ထိုမှတစ်ဆင့် ရန်ကုန်-မော်လမြိုင်ရထားကို စောင့်ဆိုင်းစီးနင်းရသဖြင့် အခက်အခဲများစွာ ကြုံတွေ့ကြရပြီး ခရီးကြန့်ကြာကာ ငွေကုန်ကြေးကျများခဲ့ရာမှ ယနေ့ ဖွင့်လှစ်လိုက်သော ဒိုက်ဦး-စစ်တောင်း ရထားလမ်းသစ်မှနေ၍ မြန်မာပြည် မြောက်ဖျားကချင်ပြည်နယ် မြစ်ကြီးနားမှ မြန်မာပြည်တောင်ဖျား ထားဝယ်မြို့သို့အထိ မီးရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြပြီဖြစ်သည်။

ထိုကဲ့သို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဒိုက်ဦး-စစ်တောင်းရထားလမ်း ဖောက်လုပ်ခဲ့မှုကြောင့် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် ဒေသတစ်ခုနှင့်တစ်ခု၊ တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ သွားလာနိုင်တော့မှာဖြစ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစွာ တည်ဆောက်နိုင်တော့မည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်များလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်သို့ တိုက်ရိုက်သွားလာနိုင်ရန် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ကိုလည်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

NLD ပါတီသည် နိုင်ငံနှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ငန်းများကိုသာ ရှေးရှုဆောင်ရွက်နေ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် ဘိုကလေးမြို့နယ်မှ ပါတီဝင် ၂၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၂၁

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျီးစုကျုံဖားကျေးရွာမှ ဦးဖိုးထူးလေး (ခ)ဦးတင်အောင်ဝင်း၊ ဦးကျော်၊ ဦးဇော်ထွန်း၊ ဒေါ်ခင်သိန်း၊ ဒေါ်သန်းရီ၊ သပြေကုန်းကျေးရွာမှ ဦးဌေးနိုင်၊ အထက်မြင့်တန်းကျေးရွာမှ ဦးသီလ၊ ဘုရားသုံးဆူကျေးရွာမှ ဦးလှမြင့်၊ ဦးအောင်ကျော်သူ၊ တမန်ကွဲကျေးရွာမှ ဦးလှမိုး၊ အောက်မြင့်တန်းကျေးရွာမှ ဦးစိန်မြင့်၊ လင်းတိုင်ကျေးရွာမှ ဦးသန်းဝင်း၊ ခနောင်ရွာမှ ဦးဖိုးငို၊ ဦးငြိမ်းမောင်၊ ကနီကြီးကျေးရွာမှ ဦးလှဦး၊ ဦးစံဝင်း၊ စိန်ဟိုင်းကျေးရွာမှ ဦးသော်၊ ဦးလှရီ၊ ဦးကျော်မိုး၊ ဘိုကလေးမြို့မှ ဦးတင်မောင်ဝင်း၊ သူလာကျေးရွာမှ ဦးလှကြည်နှင့် ဦးတက်တိုးတို့ ၂၂ဦးသည် မတ် ၂၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်နေသဖြင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပျက်လာပြီးပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ (၃၆)ကြိမ်မြောက် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

(၃၆)ကြိမ်မြောက် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘ အမှူးပြု၍ မြို့မိမြို့ဖများနှင့် ဆေးရေးရပ် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဦးစီးကျင်းပသည့် (၃၆)ကြိမ်မြောက် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲ အခမ်းအနားကို ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့) နံနက်ပိုင်းတွင် ဆေးရုံလမ်းတို ဆေးရေးရပ် အောင်မင်္ဂလာဈေးအနီး ရှင်ပြုအသင်းကြီး ဗဟိုမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်မြို့သက်တော်ရှည် မဟာထေရ် ဆရာတော်ကြီး ၁၀ ပါး၊ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လနှင့် ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆံတော်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ မထေရ်မြတ်ထံမှ အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ် တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး သက်တော်ရှည် မဟာထေရ် ဆရာတော်ကြီး ၁၀ပါးနှင့် ဆရာတော် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားနှင့် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

၁၉၇၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ သီရိခေတ္တရာရှင်တစ်ထောင် အလှူတော်မင်္ဂလာပွဲကြီးတွင် ရဟန်းတော်ပေါင်း ၄၅၄ပါး၊ သာမဏေပေါင်း ၄၆၂၁ ပါး၊ သီလရှင်ပေါင်း ၇၅ပါး စုစုပေါင်း အပါး ၅၁၅၀ တို့အား သာသနာ့ဘောင်တွင်းသို့ သွတ်သွင်းချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၁၅၀ တို့အား သာသနာ့ဘောင်တွင်းသို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်း မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းရှိ ဟန်ဂေါက်မာစတာစ် ဂေါက်သီးရိုက် အကယ်ဒမီ သင်တန်းကျောင်းတွင် ဧပြီ ၂၇ ရက်မှစတင်ကာ ဒုတိယအကြိမ် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

တန်းခွဲသုံးခု

ယင်း ဖွင့်လှစ်သင်ကြားမည့် သင်တန်းများမှာ အခြေခံလူသစ်တန်း ဂေါက်သီးရိုက်သင်တန်း၊ အခြေခံမွမ်းမံ သင်တန်းနှင့် ကွင်းပတ်အဆင့်မွမ်းမံ သင်တန်းဟူ၍ တန်းခွဲ သုံးခုထားရှိ သင်ကြားမည်ဖြစ်သည်။

ထိုသင်တန်းတွင် မြန်မာ့လက်ရွေးစင်အသင်း ဝါရင့်နည်းပြဆရာများက အဆင့်မြင့် နည်းစနစ်များဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသော လူငယ်မောင်မယ်များသည် ဧပြီ ၂၆ ရက်ထက်နောက်မကျဘဲ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမည်စာရင်းများနှင့် အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၇၀၆၇၈၈ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း သာယာဝတီမြို့နယ် ဈေးလမ်းရှိ သမ္မာဆန္ဒဓမ္မာရုံကြီးတွင် ဓမ္မဇျုဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ သင်တန်းမှူး ဓမ္မဇျုဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဧပြီ ၂၁ ရက် နှင့် ၂၂ရက် နံနက် ၇ နာရီမှ ၁၁ နာရီခွဲအထိ အခြေခံပဋ္ဌာန်းကျင့်စဉ် သင်တန်းကို ဓမ္မဒါနပို့ချလျက်ရှိရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရှမ်းတဲကြီး အထက်ကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ သန်လျင်မြို့ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ ပဓာန နာယကမိုး ကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ် နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်) အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်တရား သစ္စာလေးပါးတရားတော်များကို မေ ၂ရက်မှ ၈ ရက်အထိ ဟောကြားချီးမြှင့်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် လှူဒါန်းလိုသူများသည် အမှုဆောင်အဖွဲ့ ဦးစိုးဝင်း ဖုန်း-၅၇၀၆၅၆၊ ဦးခင်ကြည် ဖုန်း-၅၇၂၆၉၄၊ ဦးတင်မြင့် ဖုန်း- ၅၇၂၈၁၅၊ ဦးမောင်ညို ဖုန်း-၅၆၅၄၄၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

☆ ရှေ့ဖုံးမှ
ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၁၀ နာရီတွင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်အဝင် (Intake Structure)၊ ရေလွှဲဥမင်လိုဏ်အထွက် (Outlet Structure) တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှု၊ ရေကာ ကွန်ကရစ် နံရံ တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှု၊ ရေယူအဆောက်အအုံ(Power Intake) ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရန် မြေကြီး၊ ကျောက်သားလုပ်ငန်းများ ဆောင်ရွက်မှု၊ ပင်မတမံ၌ RCC ကွန်ကရစ်သွန်းလောင်းနေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ အပေါ်ပိုင်း မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များအခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က RCC ကွန်ကရစ်၏ အရည်အသွေးများ၊ စီမံကိန်း၌ RCC ကွန်ကရစ်သုံးစွဲရသည့် ရည်ရွယ်ချက်များ၊ RCC ကွန်ကရစ်သွန်းလောင်းရာတွင် အရည်အသွေး စံချိန်မီအောင် ထိန်းသိမ်းရာ၌ ဆောင်ရန်–ရှောင်ရန်အချက်များ၊ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ကမ္ဘာ့အကြီးစား RCC ကွန်ကရစ်တမံစာရင်း၌ ပါရှိပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသည်နှင့် ရရှိမည့် ဓာတ်အားများကို ဒေသအသီးသီးသို့ ဖြန့်ဖြူးနိုင်ရန် ရဲရွာ–ဘဲလင်း၊ ဘဲလင်း–ရွှေစာရံ၊ ဘဲလင်း–မိတ္ထီလာ၊ ရဲရွာ–မိတ္ထီလာ၊ မိတ္ထီလာ–သာစည် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းနေမှုနှင့် ဘဲလင်းပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နမ့်ခမ်းမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားများကို ဖြန့်ဖြူးရန် ရွှေလီ–မန်စံ–ရွှေစာရံ ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ မဟာဓာတ်အားလိုင်းသုံး ပစ္စည်းများရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ရာတွင် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်အတူ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့် မဟာဓာတ်အားလိုင်းစနစ်ကို ဟန်ချက်ညီညီ အချိန်ကိုက်ပြီးစီးရန် လိုအပ်ကြောင်း။

မဟာဓာတ်အားလိုင်း သွယ်တန်းရာ၌ အသုံးပြုရသည့် ဓာတ်ကြိုး၊ ကြေးသီး စသည့် ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် ထရန်စဖော်မာအမျိုးမျိုးကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်အောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် ရဲရွာစီမံကိန်း၏ အထက်ဘက် မြစ်ငယ်မြစ်၏အပေါ်ပိုင်း တစ်လျှောက် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့် ရေအရင်းအမြစ်နေရာများကို စူးစမ်းလေ့လာပြီး မြစ်ငယ်မြစ် ရေအားလျှပ်စစ်စီမံကိန်း အဆင့်ဆင့်တိုးချဲ့ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co.,Ltd. မှ စီမံကိန်းဒါရိုက်တာ Mr. Stuwart Cowwie, China Gezhouba Water & Power Group Co., Ltd. မှ စီမံကိန်းမန်နေဂျာ Mr. Zhou နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှုစီမံကိန်း ညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့အား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပင်မကွန်ကရစ်တမံ တည်ဆောက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စီမံကိန်းဧရိယာနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှ ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြစ်ငယ်မြစ် ညာဘက်ကမ်း ၁၉၇မီတာ မြင့်သည့်နေရာမှ ပင်မကွန်ကရစ်တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ချဉ်းကပ်ဥမင်လိုဏ်ကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။ RCC ကွန်ကရစ် သွန်းလောင်းရန် Main Conveyor System တည်ဆောက်ပြီးစီးမှုများ၊ RCC ကွန်ကရစ်ဖျော်စက်၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုများ အပါအဝင် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအလိုက် ပြီးစီးမှုများကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြစ်ငယ်မြစ်ကို ပိတ်နိုင်ရန် ရေလှောင်တမံ အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ ကွန်ကရစ်တမံ (Roller Compacted Concrete Dam) ကို တည်ဆောက်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်လျက်ရှိသည့် RCC တမံမှာ ကမ္ဘာပေါ်ရှိ အကြီးဆုံး RCC တမံများတွင် တစ်ခုပါဝင်မည့် RCC တမံကြီးဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက်ကလည်း ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့နှင့် ကလောမြို့တို့သို့ သွားရောက်၍ ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပင်မကွန်ကရစ်တမံ တည်ဆောက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပင်မကွန်ကရစ်တမံ Stage 5+7 မှနေ Stage 6 ကို RCC ကွန်ကရစ်သွန်းလောင်းနေမှုများ၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း အဆောက်အအုံနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။



✻ ကျောဖုံးမှ

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုးမြို့မှ နမ့်ခမ်းမြို့နယ်ရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရွှေလီခန်းမ၌ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ရရှိမည့် စီမံကိန်းဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ချဉ်းကပ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ရွှေလီမြစ်ကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကွန်ကရစ် ရေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေခေါ်မြောင်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း စသည့် အဓိကတည်ဆောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်၌ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၄၆၀ ရရှိမည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ မဂ္ဂါဝပ် ၂၄၀ ရရှိမည့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၈ မဂ္ဂါဝပ်ရရှိမည့် တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ် ကွမ်းလုံဒေသ၌ မဂ္ဂါဝပ် ၂၄၀၀ ရရှိမည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းထွန်းက မိုင် ၁၈၀ ရှိ ရွှေလီ-မန်စံ-ရွှေစာရံ(မန္တလေး) ၂၃၀ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထက်သံလွင်စီမံကိန်း၊ ရွှေလီ စီမံကိန်းနှင့် တာပိန်စီမံကိန်း အဆင့်ဆင့်တို့ကို မြန်မြန်အကောင်အထည်ဖော် မြန်မြန်ပြီးစီးရန်လိုကြောင်း။

လက်ရှိတွေ့ရှိ တိုင်းတာထားသော ရေအရင်းအမြစ်များအပြင် အခြား အလားအလာရှိသော ရေအရင်းအမြစ်များကို ဆက်လက်ရှာဖွေသွားရန် ဖြစ်ကြောင်း။

ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ယင်းစီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ဖြန့်ဖြူးပေးမည့် မဟာဓာတ်အားလိုင်း စနစ်ကိုလည်း အချိန်ကိုက်ပြီးစီးအောင် တည်ဆောက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တည်ဆောက်ရေးလုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YUPD Co., မှ Executive Vice President Mr. MA Lipeng နှင့် YMEC Co., မှ Vice President Mr. He Wen တို့အား သစ်သီးလက်ဆောင် ပေးအပ်သည်။

ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အလျား ၅၃၁ ပေ၊ အမြင့် ၁၅၄ ပေ ရှိမည့် ကွန်ကရစ်ရေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေယူအဆောက်အအုံ၊ ရေလွှဲ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများမှာ ယခုအခါ ၅၁ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

မဂ္ဂါဝပ် ၄၆၀ ရရှိမည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃) ရေအားလျှပ်စစ် စီမံကိန်းတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေလီရေအားလျှပ်စစ်စီမံကိန်း သုံးခုမှနေ၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၂၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ထွက်ခွာ၍ လေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ ဆက်လက် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

- **ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ရရှိမည့် စီမံကိန်းဖြစ်။**
- **စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ရွှေလီမြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်။**
- **ကွန်ကရစ် ရေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေခေါ်မြောင်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း စသည့် အဓိကတည်ဆောက်မှုလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်လျက်ရှိ။**

ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ ဒဂုံမြို့သစ် မြို့နယ်များသို့ သောက်သုံးရေ တိုးချဲ့ဖြန့်ဝေနိုင်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)သို့ ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် (ဒဂုံမြို့သစ်တံတား) ဝဲ/ယာ နစ်ဖက်ပေါ်တွင် ၁၆ လက်မ ကွန်ကရစ်ရေပိုက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းကို မေ ၂၂ ရက်မှ မေ ၂၇ ရက်အထိ ခြောက်ရက်တာကာလအတွင်း နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း တံတားပေါ်မှ ယာဉ်သွားလာမှုများကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု ရပ်နားချိန် နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၈ နာရီအတွင်း တံတားမှ ယာဉ်သွားလာမှုများအား ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးရေဝတ (ဝါးခယ်မ) တရားဟောကြားမည်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း၏ ဦးစီးပဓာန နာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် မေ ၂၁ ရက်နှင့် ၂၂ ရက်တွင် တောင်ငူမြို့ သာသနာ့ဗိမာန်တော်၊ မေ ၂၄ ရက်နှင့် ၂၅ ရက်တွင် ပဲခူးတိုင်း မင်းလှအရှေ့၊ မေ ၂၆ ရက်မှ ၂၈ ရက်အထိ ပဲခူးတိုင်း အုတ်ဖိုမြို့၊ မေ ၂၉ ရက်တွင် ဥသျှောင်မြို့သစ် အနော်ရထာလမ်း ကြာနီကန်ကျောင်း ဒေါ်ကြင်မြအလှူ၊ မေ ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကိုးဆူရွာနှင့် မေ ၄ ရက်မှ ၆ ရက်အထိ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် သဃ်န်းကုန်းကျေးရွာတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၇ (တနင်္ဂနွေနေ့)
၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Say It In English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	Yan Can Cook.
၁၂:၀၀	၅။	**"မမုန်းလေနဲ့ ငပလီ" (ရန်အောင်၊ ဒွေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁:၄၅	၆။	အဆိုပြိုင်ပွဲ
၂:၀၀	၇။	ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတား
၂:၁၀	၈။	လက်ဆင့်ကမ်းအမွေ
၂:၁၅	၉။	"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၂) (ဝါးခယ်မ ရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)
၂:၂၅	၁၀။	ပေါင်းလောင်း ရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၂:၃၀	၁၁။	"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) [ဒါရိုက်တာ-မိုးထက်လူ(သစ်တော)]
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	**အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြုများ) (ရူပဗေဒ)**
၅:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၅	၆။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၇။	ညနေခင်းသတင်း
၆:၃၀	၈။	မိုးလေဝသအခြေအနေ
၆:၃၅	၉။	သီရိဂေဟာ
၇:၀၅	၁၀။	သီးနှံစိုက်ပျိုးအထွက်တိုး (စပါးပန်းတိုင်အထွက်နှုန်း တင်း၁၀၀ ထွက်ရှိရန် ဆောင်ရွက်ရမည့် နည်းပညာများ)
၇:၁၅	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၉)**
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၁၀)**
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်း

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချ အနုမောဒနာ မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်ပြည့် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်ပူဇော်ပြီးစီးခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ကုသိုလ်တော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်း ရေစက်ချ အနုမောဒနာ မင်္ဂလာအခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ ဆရာတော်များအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး လုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်းသည့် ဇယမင်္ဂလာ အနုမောဒနာ စာတမ်းလွှာကို ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်ပြည့် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်ပူဇော်ပြီးစီးခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ကုသိုလ်တော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်း ရေစက်ချ အနုမောဒနာ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၁

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတ တောရရိပ်သာ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် မေ ၁ ရက်မှ ၇ ရက်အထိ ဓမ္မာနုပဿနာ ဝိပဿနာအလုပ်ပေး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဧပြီ ၃၀ရက် ညနေ အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၉-၅၃၀၂၀၉၂၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၉-၅၃၀၁၅၃၇ နှင့် ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) စုပေါင်းဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ဝန်ထမ်းများ၏ ပထမအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာကို ဧပြီ ၁၁ရက် ညနေ ၃နာရီတွင် သန်လျင်မြို့နယ် သိမ်ကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရဟန်းလောင်း ၃၈ပါးအား ဥပသမ္ပဒကံဆောင်မြင့်မြတ်သောရဟန်းဘောင်သို့ သိမ်ကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ ဦးဆောင်၍ သွတ်သွင်းချီးမြှင့်ပြီးနောက် **(အောက်ပုံ)** အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးဖေသက်ညွန့်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ဧပြီ ၁၂ရက်တွင် အမှတ်(၁)ရေနံချက်စက်ရုံသင်တန်းခန်းမ၌ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြကြောင်းသိရသည်။ (၅၂၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -အဆုံးမဲ့ပေးစာ**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မြတ်ဘုရားဒေသနာ ရုပ်နာမ်ခွဲ။ ပညတ်ပရမတ်ခွဲ
- **၅:၁၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၃၀** ၅။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၁၅** ၈။ မိုးလေဝသသတင်း
- **၆:၂၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၉)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ကျန်းမာသုတ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ENGLISH PREMIER LEAGUE** ဘောလုံးပွဲ **Aston Villa Vs Portsmouth (Live)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

နှစ်သစ်ကူးရုံးပိတ်ရက် သတင်းစာနားရက်များအတွင်း ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များ မှာကြား

ရန်ကုန် ဧပြီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်၍ နှစ်သစ်ကူးရုံးပိတ်ရက် အလှည့်ကျသတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း)တို့မှ စာတည်းမှူးချုပ်များ၊ သတင်းစာတိုက်များမှ စာတည်းနှင့် မန်နေဂျာများက ကြိုဆိုနှုတ်ဆက်ကြသည်။

သုံးစွဲနိုင်ရေး ဝယ်ယူစုဆောင်းထားရှိမှုများကိုလည်းကောင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက အသုံးပြုလျက်ရှိသော Goss Community SSC 798, Four Unit Web Offset ၏ ယူနစ်များ အကြီးစားပြင်ဆင်မွမ်းမံမှုအတွက် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးဆောင်ရွက်မှုများ၊ ပုံနှိပ်စက် အထွေထွေကြံ့ခိုင်ရေးနှင့် ပုံနှိပ်စက်ကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကြံ့ခိုင်ရေးဆောင်ရွက်မှု လုပ်ငန်းများနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ သတင်းစာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြေးမုံသတင်းစာများရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံတွင်အကြီးစားပြင်ဆင်ထားသည့် ပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများအားကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက် ကောင်းမွန်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး ညနေ ၃နာရီခွဲတွင် မြန်မာ့အလင်း သတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

ကြည့်ရှုစစ်ဆေးအားပေး

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကြေးမုံသတင်းစာများရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်တို့သို့ သွားရောက်၍ နှစ်သစ်ကူး ရုံးပိတ်ရက် အလှည့်ကျ သတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ကြေးမုံသတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံသို့ ရောက်ရှိလာရာ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်ဦးမြင့်ဆွေ၊ စာတည်းမှူး၊ မန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်စက်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် ကြေးမုံသတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော Goss Community SC 1230 ပုံနှိပ်စက်ကို အကြီးစားပြင်ဆင်မွမ်းမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးအားပေးရာ မန်နေဂျာဒေါ်ခင်ညိုဝင်းက ပုံနှိပ်စက်ကို အကြီးစားပြင်ဆင်မွမ်းမံထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်ခန်းမှူး ဦးမြင့်ကျော်က စက်အရန်ပစ္စည်းများကို ပြုပြင်လဲလှယ်တပ်ဆင်ရာ၌ ပြည်တွင်းဖြစ်စက်အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်ပြင်ဆင်မွမ်းမံထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းစာတိုက်ရှိ စာတည်းဌာန၊ စာပြင်ဌာန၊ ကွန်ပျူတာဌာနတို့သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ခန်းသို့သွားရောက်၍ မဟာသင်္ကြန်ကာလ သတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးက နှစ်သစ်ကူး ရုံးပိတ်ရက် သတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်အကြီးစားပြင်ဆင်မွမ်းမံမှု ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် မန်နေဂျာ ဦးထွန်းထွန်းလတ်က မဟာသင်္ကြန်ကာလ အတွင်း ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံ ဆောင်ရွက်ပြီးစီးမှုနှင့် စက်အရန်ပစ္စည်းများ အရန်သင့်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ စာတည်းမှူး၊ မန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးသည် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၏ စက္ကူလုံးများ သိုလှောင်ခန်းကိုလည်းကောင်း၊ ပုံနှိပ်စက်ခန်းအတွင်း အကြီးစား ပြင်ဆင်မွမ်းမံထားရှိသည့် Bandhu Pacer-36(4)Unit ပုံနှိပ်စက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးရာ မန်နေဂျာ ဦးထွန်းထွန်းလတ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ပုံနှိပ်စက်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂုဏ်ပြုခြင်းဖြစ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်ရှိ သင်တန်းခန်းမ၌ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာ၌ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက် ၁၀ ရက်အတွင်း အပြည့်အဝ အနားမယူဘဲ နိုင်ငံတော်နှင့် လူမျိုးအကျိုးအတွက် စေတနာထား ဆောင်ရွက်သည်ကို အသိအမှတ်ပြုသောအားဖြင့် နှစ်စဉ်လာရောက်နေကျ ဖြစ်သည့်အတိုင်း ယခုကဲ့သို့ လာရောက်အားပေး ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ သတင်းစာ၏ လုပ်ငန်းသဘောသဘာဝသည် အခြားလုပ်ငန်းများနှင့်မတူဘဲ အချိန်နှင့် တစ်ပြေးညီ ပြီးစီးအောင် နေ့၊ ည ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံးက ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်မှုကြောင့် သတင်းစာ၏ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ စက်များကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကြံ့ခိုင်ရေး ပြုလုပ်ထိန်းသိမ်းခြင်း၊ ယခုကဲ့သို့ နှစ်စဉ် သင်္ကြန်ကာလသတင်းစာများ အလှည့်ကျ ထုတ်ဝေချိန်တွင် အကြီးစားပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခြင်းဖြင့် စက်များကို ရေရှည်အသုံးပြုနိုင်မည် ဖြစ်သည့်အပြင် ပုံနှိပ်စက်အရည်အသွေးလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ကြိုးစားတီထွင်

သတင်းစာတိုက်များတွင် လက်ရှိအသုံးပြုနေသည့် စက်များသည် နှစ်ပေါင်း ကြာမြင့်ပြီဖြစ်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းပြင်ဆင်မွမ်းမံမှုများကြောင့် ယခုအချိန်အထိ အရည်အသွေးကောင်းမွန်သည့် သတင်းစာများအဖြစ် ရိုက်နှိပ်ထုတ်ဝေနိုင်ဆဲဖြစ်ကြောင်း၊ စက်အရန်ပစ္စည်းများကို လဲလှယ်ပြုပြင်တပ်ဆင်ရာတွင် နိုင်ငံခြားငွေ ခြိုးခြံချွေတာသည့်အနေဖြင့် ပြည်တွင်းဖြစ် စက်အရန်ပစ္စည်းများဖြင့်သာ အစားထိုး လဲလှယ်တပ်ဆင်နိုင်ရေး ကြိုးစားတီထွင်ကြစေလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းတူရာဌာနများ စုပေါင်း၍ စက်မှုလုပ်ငန်း ကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းပြီး စက်အရန်ပစ္စည်းများကို မိမိတို့ ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော် အကျိုး၊ လူမျိုးအကျိုးအတွက် အချင်းချင်း စည်းလုံးညီညွတ် ရှင်လန်းတက်ကြွစွာဖြင့် နောင်တွင်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုကဲ့သို့ ပုံနှိပ်စက်များကို အကြီးစား ပြင်ဆင်မွမ်းမံမှုကြောင့် သတင်းစာများ ယခင်ကထက် အရည်အသွေး ပိုမိုတိုးတက် ကောင်းမွန်လာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝန်ထမ်းများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နှစ်သစ်ကူးရုံးပိတ်ရက် အတွင်း သတင်းစာများ အလှည့်ကျ ထုတ်ဝေဖြန့်ချိနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် သတင်းစာတိုက်သုံးတိုက်မှ ဝန်ထမ်းများအတွက် တစ်တိုက်လျှင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် နှစ်သိန်းငါးသောင်းစီကို ပေးအပ်ရာ တာဝန်ရှိသူ အသီးသီးတို့က လက်ခံယူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် သင်တန်းခန်းမ၌ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ မန်နေဂျာများနှင့် ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဧပြီ ၁၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၁၀)ရပ်ကွက်နှင့် (၉)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင့်ဝေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။

(သတင်းစဉ်)

ကြော်ငြာချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လစ်လပ်နေသောလစာနှုန်းကျပ် (၂၁၀၀၀–၁၀၀၀–၂၆၀၀၀)တန်း ယာဉ်မောင်း(၅) ရာထူးများတွင် ဖြည့်စွက်ခန့်ထားမည်ဖြစ်၍ အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများမှ လျှောက်ထားနိုင်ပါသည်–

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ ပညာအရည်အချင်း(၈)တန်းအောင်မြင်ပြီးဖြစ်ရမည်။(အထောက်အထားတင်ပြနိုင်ရမည်။)
၃။ အလုပ်သမားမှတ်ပုံတင်ရုံးတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
၄။ ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်သူ၊ မျက်မှန်တပ်သူမဖြစ်စေရ။
၅။ ယာဉ်မောင်းလိုင်စင်ရရှိပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်သက်(၅)နှစ်အနည်းဆုံးရှိရမည်။(မိတ္တူပူးတွဲတင်ပြရမည်။)
၆။ လစာနှုန်းထား(၂၁၀၀၀–၁၀၀၀–၂၆၀၀၀)
၇။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းအတွက် သက်ဆိုင်ရာရဲ ယကနှင့်ရဲစခန်းထောက်ခံစာများပူးတွဲတင်ပြလျှောက်ထားရမည်။
၈။ **လျှောက်လွှာထုတ်ယူရမည့်နေရာ**
(က)အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး(နေပြည်တော်)
(ခ)အမှတ်–၁၉၇/၁၉၉၊ ကြည့်မြင်တိုင်အောက်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၉။ လျှောက်လွှာပိတ်ရက် – ၄–၅–၂၀၀၇

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့၊ ကုန်သည်လမ်း၊ အမှတ်(၇)နေ (ဦးတင့်နိုင်–ဒေါ်ရှုမေ) တို့၏ဒုတိယသား

မောင်ဝင်းထွန်းနိုင် B.E (Mechanical) (P.T.U)
Taan Taan Ta Guest House

နှင့်

မြောင်းမြမြို့၊ စမ်းချောင်း(၂)လမ်း၊ အမှတ်(၆၀)နေ ဦးသက်လွင်(တံတားအထူးအဖွဲ့–၇)–ဒေါ်ခင်ဖြူဖြူတို့၏ သမီးဦး

မလွင်လဲ့ဖြူ B.E (Civil) (P.T.U)
လက်ထောက်ဦးစီးမှူး (မြို့ပြ) တည်ဆောက်ရေး(၉)
ဆည်မြောင်းဦးစီးဌာန

တို့၏ ၁၁–၃–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)၌ ရန်ကုန်မြို့ M-3 Food Center တွင် ကျင်းပခဲ့သော စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနားနှင့် ၃၀–၃–၂၀၀၇ ရက် (သောကြာနေ့)၌ ပုသိမ်မြို့၊ ကုန်စုံလမ်း ဟိုစိန်ဘုရားကျောင်းမင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာစားပွဲ အခမ်းအနားသို့ ကြွရောက် ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းထွန်းနိုင်–မလွင်လဲ့ဖြူ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်ဇော်(မြို့နယ်ပညာရေးမှူး–ငြိမ်း)–(ဒေါ်ခင်သန်းရီ)၊
ဒေါ်မွေးမွေး(ကျောင်းအုပ်ဆရာမကြီး၊ အမက–၂၄၊ သဃ်န်းကျွန်း)တို့၏
သားထွေး

ဒေါက်တာဇော်ထွေး

နှင့်

ဦးထွန်းအောင်ကျော် [ဒုတိယညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန(ငြိမ်း)]–
ဒေါ်မိမိဆွေ [အထက်တန်းပြဆရာမ(ငြိမ်း)]တို့၏
သမီးကြီး

ဒေါက်တာဇင်နွယ်နွယ်ထွန်း

တို့သည် နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်အရ Stockton, USA တွင် ၁၉–၄–၂၀၀၇ ရက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် Dr. ဇော်ထွေး–Dr. ဇင်နွယ်နွယ်ထွန်း

မနောရမ္မ ပညာဒါန

အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယား၊ အီတလျံ၊ ဂျာမန်၊ စပိန် စီမံခန့်ခွဲမှု ပညာသင်တန်းများနှင့် ကွန်ပျူတာ၊ အီလက်ထရွန်နစ်သင်တန်းများ ဧပြီ ၂၈ သင်တန်းဖွင့်မည်။

(လူဦးရေကန့်သတ်ထားသည်)

စုံစမ်းရန်။ မနောရမ္မ ပညာဒါနကျောင်း၊ စမ်းချောင်း
ဖုန်း–၅၃၇၀၂၆၊ ၅၁၈၀၂၄

ဒွိပိဋက(ပိဋက) နှစ်ပုံအောင် ဆရာတော် အရှင်စန္ဒနအား ပူဇော်မည်

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းတိုက်မှ ဂန္ထဝါစကဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ နိကာယုဇ္ဈောတက ဝိနယရေဘွဲ့၊ ဝိနယရေဓမ္မာစရိယဘွဲ့၊ ဝိသိဋ္ဌဝိနယရေဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဝိသိဋ္ဌဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယ ကောဝိဒဘွဲ့၊ ဝိသိဋ္ဌဒွိပိဋက ရေဘွဲ့၊ ဒွိပိဋကကောဝိဒဘွဲ့ (ပိဋက) နှစ်ပုံအောင် ဆရာတော် အရှင်စန္ဒနအား ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (ဧပြီ ၂၉ ရက်)တွင် ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ကျောင်းကြီး ကျောင်းတိုက်၌ ပူဇော်ပွဲကျင်းပမည်ဖြစ်၍ မည်သူမဆို ကြွရောက်ကြည်ညိုနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုဓမ္မာတိုက် မဟာပဋ္ဌာန်းကျောင်း အတွင်းရှိ အောင်မြေရတနာ သုံးထပ်ကျောင်းတော်တွင် မဟာပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တဝါယမ အမှူးပြုသော သံဃာတော်များက ဧပြီ ၃၀ ရက်မှ မေ ၄ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်–၃၀ (စီ)၊ ဒဂုံမြို့နယ်နေ
ဦးအောင်မြတ်–ဒေါ်ခင်မာဝင်းတို့၏သား

မောင်ဟိဏ်းနေစိုး (IR) (SE)

နှင့်

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ အမှတ်–၈၁(စီ)
ဗဟန်းမြို့နယ်နေ
ဦးကျော်အောင်ဆင့် (Master) Mariner (FG)-ဒေါ်ညွှန့်ညွှန့်ရီ
တို့၏သမီး

မရည်မွန်အောင် B.A (IR) (C.B.L)

တို့သည် ၁၉–၄–၂၀၀၇ ရက်တွင် ရန်ကုန်မြို့ Yuzana Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဟိဏ်းနေစိုး–မရည်မွန်အောင်

စာကြည့်တိုက် (၁၁)နှစ်မြောက် နှစ်ပတ်လည်နှင့် ထူးချွန်သင်တန်းသားဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ ပြည်ခိုင်ဖြိုး စာကြည့်တိုက် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ထူးချွန်သင်တန်းသားဂုဏ်ပြုပွဲကို ဧပြီ ၈ ရက် ညနေ ၅ နာရီတွင် အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

(အောက်ပုံ) ယင်းနောက် အမှတ်(၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် နယ်မြေတာဝန်ခံ ဒေါ်စန်းစန်းဝင်းတို့က အလှူငွေများလက်ခံကြပြီး မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်က ထူးချွန်ဆုများ ပေးအပ်ကာ စာကြည့်တိုက် သမိုင်းကြောင်းကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဆန်းတင့်က ပြောကြားသည်။ ထို့နောက် (၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ ပြည်ခိုင်ဖြိုး စာကြည့်တိုက် (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စာရေးဆရာ မောင်ကျေးဇူး၊ လယ်တွင်းသားစောချစ်နှင့် ကာတွန်းမြေဇာတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

လောင်စာ
တွေကိုရှင်း
မီးဘေး
အန္တရာယ်ကင်း

သီတဂူဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ပုဂံ ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဗိုလ်ချိုခန်းမတွင် အပ္ပမာဒ နာရေးကူညီမှုအသင်းက ကြီးမှူးကျင်းပသော ဓမ္မသဘင်၌ ဧပြီ ၂၁၊ ၂၂ရက်တို့တွင် သီတဂူ အရှင်တေဇိန္ဒ(ဓမ္မာစရိယ၊ဘီအေ)က လည်းကောင်း၊ ဧပြီ ၂၃၊ ၂၄ ရက်တို့တွင် သီတဂူ အရှင် ကုမုဒါလင်္ကာရ (ဓမ္မာစရိယ) ကလည်းကောင်း တရားအလှူ ပေးလှူမည်ဖြစ်ပါ၍ စေတနာရှင်များ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

ဆဋ္ဌမအကြိမ် ရွှေညဝါ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိ စာသင်တိုက်အတွင်း၌ ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါ ဆရာဖြစ်သင်တန်းကို သင်တန်းသား သံဃာတော်အပါး ၁၅၀၀ ကျော်ဖြင့် ဧပြီ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ဇွန် ၃ ရက် (တနင်္ဂနွေနေ့)အထိ ရက်ပေါင်း ၄၀ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်ရာ ဖုန်း–၅၁၀၅၆၆ သို့ ဆက်သွယ်၍ လည်းကောင်း၊ ကိုယ်တိုင်ကြွရောက်၍လည်းကောင်း ကြည်ညိုသဒ္ဓါပွား လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က–ပ)

သပြေညွှန့်ကျေးရွာရှိ သစ်စက်တစ်လုံးကို သောင်းကျန်းသူများ မီးရှို့ဖျက်ဆီး ၎င်းတို့ ထောင်ထားခဲ့သောမိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

ရန်ကုန် ဧပြီ ၂၁

သောင်းကျန်းသူ အဖျက်သမားများသည် ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပြုလျက်ရှိရာ ဧပြီ ၁၀ ရက် ည ၉ နာရီခွဲခန့်တွင် သံတောင်မြို့နယ် သပြေညွှန့်ကျေးရွာနေ ဦးညီညီ ပိုင်ဆိုင်သော သစ်စက်ကို KNU သောင်းကျန်းသူ အဖျက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်နေသောသစ်စက်ကို ဝိုင်းဝန်းငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သူ သပြေညွှန့်ကျေးရွာနေ ကိုထွန်းထွန်းသည် ဧပြီ ၁၁ ရက် နံနက် ၇နာရီခန့်တွင် အဆိုပါသစ်စက်အနီး သောင်းကျန်းသူများထောင်ထားခဲ့သော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသဖြင့် ခြေချင်းဝတ်အောက် ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်း၊ လူနာအား တောင်ငူဆေးရုံသို့တင်ပို့၍ ကုသပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၄–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4အဖွင့်Logo ယနေ့အစီအစဉ်
၇း၀၅	အမေအိုရဲ့ဓမ္မအောင်လံ တရားတော် အပိုင်း(၁) (မဇ္ဈိမဂုဏ်ရည် ဆရာတော်အရှင်ကောဝိဒ)
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း–၁)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	သမိုင်းဝင်ရှင်ကိုးရှင် (တနင်္သာရီတိုင်း) ထားဝယ်ခရိုင်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိသားစုတနင်္ဂနွေ (ပါဒကြီးဘုရား)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	အသည်းရောင်အသားဝါစီပိုး ဆွေးနွေးမေးမြန်းခန်း အပိုင်း(၂) (ပါမောက္ခခင်မောင်ဝင်း)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	မိုးလေဝသခန့်မှန်းချက်
၁၁း၃၅	စေတနာအပေါင်း ခညောင်း ဝေဆာ စားသောက်ဖွယ်ရာ ကမ္ဘာ
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	ရွှေပြည်တော်ကိန်း အေးငြိမ်းပါလို ကုသိုလ်ဖြစ် ဆေးခန်းက အေးချမ်းစွာကြို
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	အား–နာတယ် (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆း၅၅	Newcastle-Chelsea	5-Sports(Live)
၉း၂၅	Aston Villa-Portsmouth	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Palermo-Parma	5-Sports(Live)

အထက်သံလွင်စီမံကိန်း၊ ရွှေလီစီမံကိန်းနှင့် တာပိန်စီမံကိန်းတို့ကို မြန်မြန်အကောင်အထည်ဖော် မြန်မြန်ပြီးရန်လို လက်ရှိတိုင်းတာထားသော ရေအရင်းအမြစ်များအပြင် အခြားအလားအလာရှိသော ရေအရင်းအမြစ်များ ဆက်လက်ရှာဖွေ လျှပ်စစ်ဓာတ်အားကို စနစ်တကျဖြန့်ဖြူးပေးမည့် မဟာဓာတ်အားလိုင်းစနစ်ကိုလည်း အချိန်ကိုက်ပြီးအောင် တည်ဆောက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇ မိုင် အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

☆ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ (၅၁)ရာခိုင်နှုန်းကျော် ပြီးစီးနေ၊

☆ မဂ္ဂါဝပ် ၄၆၀ ရရှိမည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ရာ ရွှေလီရေအားလျှပ်စစ်စီမံကိန်း သုံးခု မှနေ၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၂၀ ထုတ်ယူရရှိမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး